ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုဆိုတာ မိဘတစ်ဦး ဒါမှမဟုတ် အုပ်ထိန်းသူတစ်ဦးက ကလေးအပေါ်မှာ မပြုလုပ်သင့်တာကို ပြုလုပ်တာ၊ လုပ်သင့်လုပ်ထိုက်တာ မလုပ်တာတွေကြောင့် ထိခိုက်ဒဏ်ရာရတာ၊ သေဆုံးတာ၊ စိတ်ပိုင်းဆိုင်ရာ အနာတရဖြစ်တာနဲ့ ဆိုးဆိုးဝါးဝါး အွန္တရာယ်ကျရောက်တာကို ဆိုလိုပါတယ်။ အဲဒီလို ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုဆိုရာမှာ လျစ်လျူရှုထားခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း၊ အရှက်ခွဲခြင်းနဲ့ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းခြင်းတို့ ပါဝင်ပါတယ်။

အေမီဂျက်ဆင်က သူ့ရဲ့နှိပ်စက်တဲ့ မိသားစုဆီကနေ လွတ်မြောက်ရာ လမ်းကြောင်းကို ရှာကြံနေတဲ့ မိန်းမငယ်လေး တစ်ယောက်ပါ။ သူခံစားခဲ့ရတဲ့ မတရားမှုကို တရားစီရင်ရေးကတစ်ဆင့် သူ့မိသားစုဆီက ပြန်တောင်းဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ တရားစီရင်မှုစနစ်က ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုမှာ ပေါ့ဆစွာ စီရင်ဆုံးဖြတ်နေမှန်း နားလည်လာခဲ့တယ်။

ဒါဟာ စာဖတ်သူ ဘယ်လိုပင်ခံစားရစေဦးတော့ အရေးကြီးတဲ့ စာအုပ်တစ်အုပ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အေမီက စာဖတ်သူကိုယ်စား လျစ်လျူရှုခံရခြင်း၊ ငြင်းပယ်ခံရခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းဆိုတဲ့ တံခါးကို လူတွေမြင်သာအောင် အားနဲ့မာန်နဲ့ တွန်းဖွင့်ပေးခဲ့ပါပြီ။ အဲဒီတံခါးတွေရဲ့ နောက်ကွယ်မှာ ဘာတွေရှိနေသေးလဲ ဆိုတာကတော့ ...